## The Image of God

## ဘုရားသခင်၏ပုံသဏ္ဍာန်တော်။

လူသား၏ဖန်ဆင်းခြင်းအကြောင်း အံ့ဩဖွယ်အကောင်းဆုံးသော အရာများထဲမှတစ်ခုမှာ လူသည် မူလက ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့်၊ လူသည် တစ်နည်းနည်းဖြင့် ဘုရားသခင်နှင့်တူခဲ့သည်။ ထိုအရာထက် အံ့ဩဖွယ်ကောင်းသောအရာ မရှိနိုင်ပါ။

သိသာထင်ရှားနေသည်မှာ၊ ဘုရားသခင်သည် မည်သူမျှ မမြင်စဖူး၊ မမြင်နိုင်သော ဝိညာဉ်တော်ဖြစ်သောကြောင့် လူသည် ရုပ်ပိုင်းဆိုင်ရာအရ ဘုရားသခင်နှင့်တူနိုင်မည်မဟုတ်ပါ (ယောဟန် ၄:၂၄; ၁ တိ. ၆:၁၆)။ ထို့ကြောင့်၊ ပုံသဏ္ဍာန်တော်သည် ဝိညာဉ်ရေးရာပုံသဏ္ဍာန်တော် ဖြစ်သည်။ အမှန်စင်စစ်၊ ဖေက် ၄:၂၄ နှင့် ကောလောသဲ ၃:၁၀ တွင် လူသည် ဘုရားသခင်နှင့်တူသော နည်းလမ်းသုံးမျိုးရှိကြောင်း သမ္မာကျမ်းစာက ပြောပြထားသည်မှာ - လူ၌ ဘုရားသခင်၏ မှန်သော ဖြောင့်မတ်ခြင်း၊ မှန်သောသန့်ရှင်းခြင်းနှင့် မှန်သောအသိပညာရှိတော်မူသည်။ လူသည် အပြစ်နှင့် ပြစ်ဒဏ် ခံရခြင်းထဲသို့ မကျရောက်မီက ထိုကဲ့သို့ဖြစ်ခဲ့သည်။

သို့သော်၊ အပြစ်ရှိသောလူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် တစ်စုံတစ်ရာ ကျန်ရှိနေ သေးသလားဟူသော မေးခွန်းကို မကြာခဏမေးလေ့ရှိပါသည်။ ၎င်းသည် အရေးကြီးသော မေးခွန်း တစ်ခုဖြစ်သည်။ လူသည် အပြစ်ရှိသောအခြေအနေတွင် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် တစ်စုံ တစ်ရာရှိပါက၊ သူ့အထဲ၌ ကောင်းမြတ်ပြီး တန်ဖိုးရှိသောအရာတစ်ခုခု ရှိနေဦးမည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် အမြဲကောင်းမြတ်တော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန် တော်နှင့် တစ်စုံတစ်ရာ ကျန်ရှိနေသေးပါက၊ သူ့အထဲတွင် ကောင်းမြတ်သောအရာတစ်ခုမျှ ရှိတော့ မည်မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏။

သမ္မာကျမ်းစာသည် ဤမေးခွန်းအတွက် အလွန်ရှင်းလင်းသောအဖြေကို ပေးထားပြီး သမ္မာကျမ်းစာ၏အဖြေသည် အပြစ်ထဲကျဆုံးသွားသောသူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော် ဘာမှကျန်တော့မည်မဟုတ်ပေ။ အကြွင်မဲ့ပျက်စီးယိုယွင်းနေသော အပြစ်သားသည် ဘုရားသခင်နှင့်

တူနေဦးမည်ဟု ယုံကြည်ဖို့ရန်အတွက် မဖြစ်နိုင်ပေ။ ယောဟန် ၈:၄၄ တွင် ယေရှုသည် မယုံကြည်သောဖာရိရှဲများနှင့် ကိုယ်တော်ကို မယုံကြည်သူအားလုံးကို သင်တို့သည် သင်တို့အဘ မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့အဘ၏အလိုသို့လည်း လိုက်ကြလိမ့်မည်ဟူ၍ မိန့်တော်မူခဲ့ပါသည်။ တစ်နည်းအားဖြင့်၊ သူတို့တွင် ဝိညာဉ်ရေးအရ တူညီမှုတစ်ခုတည်းသာရှိပြီး၊ ၎င်းသည် သူတို့၏ လုပ်ဆောင်ချက်များ၌ ပေါ်လွင်နေပါသည်။

ဖေက် ၄:၂၄ နှင့် ကောလောသဲ ၃:၁၀ တို့တွင် ကယ်တင်ခြင်းသို့ရောက်သောအခါ ငါတို့ကို ဖန်ဆင်းတော်မူသော သူ၏ပုံသဏ္ဍာန်တော်၌ အသစ်ပြုပြင်ခြင်းခံရသည်ဟု သမ္မာကျမ်းစာသည် မိန့်တော်မူထားသောအခါတွင် ဤမေးခွန်းကို ဖြေဆိုထားသည်။ ယေရှုခရစ်၏ဝိညာဉ်တော်အားဖြင့် ငါတို့ကို ပြန်လည်မွေးဖွားစေပြီး ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် စစ်မှန်သောအသိပညာကို တစ်ဖန်ပေးသောအခါ၊ ငါတို့အတွင်းရှိ စာတန်၏ပုံသဏ္ဍာန်ကို ဖျက်ဆီးတော်မူပြီး သူ၏ပုံသဏ္ဍာန်တော်၌ ငါတို့ကို တစ်ဖန်ပြန်လည်ဖန်ဆင်းတော်မူသည်။

ဘုရားသခင်၏ပုံသဏ္ဍာန်တော်၌ သင်သည် အသစ်ပြုပြင်ခြင်းခံရပြီးပြီလား။ "ဟုတ်ကဲ့" ဟု သင်ပြောပါက၊ သင်၏လုပ်ဆောင်ချက်များနှင့် သင်၏စကားသည်၊ သင် ကိုယ်တော်နှင့်တူကြောင်း ပြသနေပါသလား။ မတူညီပါက၊ မည်မျှရှက်စရာကောင်းမည်နည်း။ မှန်ကန်ပါက မည်မျှသက်သေခံစရာကောင်းမည်နည်း။ (သင်းအုပ်ဆရာ ဟန်ကို)

### သေခြင်းတရား၌ ပျော်ရွှင်မှုလား။ (၁) **Pleasure In Death? (1)**

*"မတရားသောသူသည် မိမိအကျင့်တို့ကို ရှောင်၍ အသက်မရှင်၊ အသေခံခြင်းအမှု၌ ငါသည် အနည်းငယ်သောပျော်မွေ့ခြင်းရှိသလော့။"* (ယေဇကျေလ ၁၈:၂၃)

*"အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။ အို ဣသရေလအမျိုးသားတို့၊ သင်တို့လိုက်သော လမ်းဆိုးမှ လွှဲကြလော့။ လွှဲကြလော့။ အဘယ်ကြောင့် အသေခံလိုကြသနည်း။။"* (ယေဇကျေလ ၃၃:၁၁)

ယေဇကျေလပရောဖက်ပြုချက်မှ ဤအခန်းငယ်နှစ်ခုကို ဇေဝေလိတရားကို အခမဲ့နှင့် ယေဘုယျအားဖြင့် ကမ်းလှမ်းခြင်းဆိုင်ရာ အယူအဆကို ထောက်ခံရန် အများဆုံးအသုံးပြုလေ့ရှိပြီး၊ ထိုအယူအဆအရ ဘုရားသခင်သည် လူသားအားလုံး၏ ကယ်တင်ခြင်းကို လိုလားပြီး ဇေဝေလိတရားဟောပြောခြင်းတွင် ဤဆန္ဒကို ဖော်ပြပါသည်။ ဇေဝေလိတရားတွင် ဘုရားသခင်သည် လူသားအားလုံး ကယ်တင်ခြင်းရလိုကြောင်း ကြေညာထားသည်။

ပထမတစ်ချက်ကြည့်လျှင်၊ ဤစာသားတွင် ဤအချက်ကို သင်ကြားပေးသည်ဟု ထင်ရပါသည်။ ထိုအချိန်တွင် ငြင်းခုံချက်သည် ဤကဲ့သို့ပင်ဖြစ်သည်။ ၁) ဤကျမ်းပိုဒ်များတွင် ဖော်ပြထားသော "ဆိုးယုတ်သူ" များအားလုံးသည် လူသားများဖြစ်သည်။ ၂) ဤလောက၌ ဘုရားသခင်သည် မည်သူ့ကိုမျှ သေဆုံးစေခြင်း၌ မနှစ်သက်ပါ။ ၃) ဘုရားသခင်အား နှစ်သက်စေသောအရာသည် လူအပေါင်းတို့သည် မိမိတို့၏ မကောင်းသောလမ်းမှ လှည့်ပြန်၍ အသက်ရှင်ကြခြင်းပင်ဖြစ်သည်။ ၄) ဘုရားသခင်သည် လူအပေါင်းတို့သည် မိမိတို့၏ မကောင်းသောလမ်းမှ လှည့်၍ အသက်ရှင်သည်ကို နှစ်သက်တော်မူသောကြောင့်၊ ဘုရားသခင်သည် လူအပေါင်းတို့၏ ကယ်တင်ခြင်းကို လိုလားတော်မူသည်။

အငြင်းအခုံသည် ခိုင်မာပြီး၊ ငြင်းလို့မရသည့်ပုံပေါ်သည်။

ဤဆောင်းပါးများကို ဖတ်ရှုနေသောသူများသည် ကျမ်းစာက ဇေ၀ံဂေလိတရားကို အခမဲ့နှင့် ယေဘုယျအားဖြင့် သွန်သင်နေသည်ဟု ကျွန်တော် မယုံကြည်သည်ကို ဤအချိန်၌ သိရှိကြပါသည်။ ဤစာဖတ်သောသူများလည်း ဧဝံဂေလိတရားကို အခမဲ့ ကမ်းလှမ်းနေသည်ကို ထောက်ခံဖို့ရန်အတွက် ကျမ်းစာကို ကောင်းကောင်းလှည့်စားစေပြီး၊ မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုသည်ကို ကျွန်တော့်၏ ဆုံးဖြတ်ချက်ဖြစ်သည်ကို သိကြပါသည်။ ထို့ကြောင့်၊ မေးခွန်းသည် အကြောင်းပြချက်အချို့နှင့် လာပါသည်။ အထက်တွင်ဖော်ပြထားသည့် အငြင်းအခုံ၌ မည်သည့်အရာက မှားယွင်းနေသနည်း။ စာသားအား မည်ကဲ့သို့ ရှင်းပြမည်နည်း။ ထို့နောက်၊ ပို၍အရေးကြီးသည်မှာ စာသားကို အကြမ်းဖက်မှုမလုပ်ဘဲ၊ စာသားသည် မသွန်သင်သည့်အရာကို သွန်သင်ဖို့ လှည့်စားခြင်း မျိုး မလုပ်ဘဲ၊ မည်ကဲ့သို့ ရှင်းပြနည်နည်း။

ဤမေးခွန်းများသည် အရေးကြီးပါသည်။ ဖြေဆိုဖို့ရန် လိုအပ်ပေသည်။

ဝန်ခံရလျှင်၊ ကျမ်းပိုဒ်များသည် ထိုမျှလွယ်ကူသည်မဟုတ်ပါ။ ဧဝံဂေလိတရားကို အခမဲ့နှင့် ယေဘုယျအားဖြင့် ကမ်းလှမ်းခြင်းသည် ကျမ်းစာနှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု နှစ်ပေါင်းများစွာ ယုံကြည်ခဲ့သော်လည်း၊ ဤကျမ်းပိုဒ်များသည် ရှင်းပြရန် ခက်ခဲပုံရသည်ကို ကျွန်ုပ်တို့ကောင်းစွာ သတိရကြပါသည်။

ဤရှင်းပြရန်ခက်ခဲမှုကြောင့်၊ အောက်တွင်ဖြစ်နိုင်ချေရှိသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခုကို ကျွန်တော် ပေးထားပါသည်။ တစ်ခုခုမှန်ကန်နိုင်သည် သို့မဟုတ် နှစ်ခုစလုံးကို စာသားတွင် သွယ်ဝိုက်ဖော်ပြထားနိုင်သည်။

ဤကျမ်းပိုဒ်များ၏ ပထမဆုံးဖြစ်နိုင်ချေရှိသော ရှင်းလင်းချက်မှာ ကျမ်းပိုဒ်နှစ်ခုစလုံးကို ဘုရားသခင်ရွေးကောက်တော်မူသောသူများကို ရည်ညွှန်းသည့် ရှင်းလင်းချက်ဖြစ်သည်။ ထို့ကြောင့်၊ ကျမ်းပိုဒ်နှစ်ခုစလုံးသည် ဘုရားသခင်၏လူမျိုး သေဆုံးခြင်းအပေါ် မနှစ်သက်မှုနှင့် သူတို့၏ နောင်တရခြင်းအပေါ် နှစ်သက်မှုကို ဖော်ပြသည်ဟု အဓိပ္ပာယ်ရသည်။

ဤရှင်းပြချက်သည် ဖြစ်နိုင်ပုံရသည့် အကြောင်းရင်းများ အများကြီးရှိပါသည်။

ပထမဦးစွာ၊ ဤနေရာတွင် ယေဘုယျအားဖြင့်၊ ဘုရားသခင်သည် လူသားအားလုံးကို မဟုတ်ဘဲ ဣသရေလ အမျိုးအနွယ် (၁၀) မျိုးအကြောင်း ပြောနေခြင်းမှာ သေချာပါသည်။ ဣသရေလ အမျိုးအနွယ်သည် ဘုရားသခင်ရွေးချယ်တော်မူသောလူမျိုး၊ ကိုယ်တော်၏ရွေးကောက်တော်မူသော ချစ်ခြင်းမေတ္တာ၏ ပစ်မှတ်ဖြစ်သည်မှာ သေချာပါသည်။

သို့သော်၊ ကျမ်းပိုဒ်သည် လူသားအားလုံးကို ရည်ညွှန်းခြင်းမဟုတ်ဘဲ ဣသရေလလူမျိုးကိုသာ ရည်ညွှန်းထားလျှင်ပင်၊ ထိုဣသရေလလူမျိုးတွင် ရွေးကောက်ခံရသူနှင့် ငြင်းပယ်ခံရသူ နှစ်မျိုးလုံး ရှိကြောင်း၊ လူတိုင်းဝန်ခံရမည်ဟု ငြင်းခုံနိုင်ပါသည်။ ၎င်းသည် မှန်ကန်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် ဣသရေလလူမျိုးတွင် ငြင်းပယ်ခံရသူ၏ ကယ်တင်ခြင်းကို လိုလားကြောင်း ငြင်းခုံ နိုင်ပါသည်။

ထို့ကြောင့်၊ သတိပြုရမည့် ဒုတိယအချက်ကို ကျွန်တော်ရောက်စေချင်ပါသည်။ ဘုရားသခင် စကားပြောနေသည့် ဣသရေလအမျိုးသားတို့အိမ်၌ သူတို့၏အပြစ်များအတွက် စိုးရိမ်ပူပန်နေသည့် သီးခြားလူများ ရှိပါသည်။ ဘုရားသခင်ကိုယ်တော်တိုင် ဤလူများအား အခန်းငယ် ၁၀ ၏ နောက်ဆုံး အပိုင်းတွင် ကိုးကားခဲ့သည်- ငါတို့၏ ကျူးလွန်ခြင်းနှင့် အပြစ်များသည် ငါတို့အပေါ်တွင် ကျရောက်၍ ထိုအပြစ်များကြောင့် အားလျော့သွားလျှင် အဘယ်သို့ အသက်ရှင်ရမည်နည်း။

ယေဇကျေလသည် ခေဗာမြစ်တွင် ဂျူးလူမျိုးများနှင့်အတူ သုံ့ပန်းအဖြစ် နေခဲ့သည်ကို ကျွန်ုပ်တို့ သတိရရမည် (ယေဇ ၁:၁)။ လူမျိုး၏အပြစ်များကြောင့် လူများသည် သုံ့ပန်းအဖြစ် ခေါ်ဆောင်ခံခဲ့ရသည်။ ဘုရားသခင်သည် ဤသုံ့ပန်းဘဝတွင် ရွေးကောက်ခံရသောသူများကို နောင်တရစေပြီး၊ အပြစ်ဝန်ခံစေရန် အသုံးပြုခဲ့သည်။ သူတို့၏အပြစ်များသည် အလွန်ကြီးမား လွန်းသဖြင့်၊ သုံ့ပန်းဘဝတွင် ထာဝရနေရမည်ကို စိုးရိမ်ကြပြီး သူတို့အသက်ရှင်ရန် မျှော်လင့်ချက်ရှိမရှိ ပရောဖက်အား မေးမြန်းကြသည်။

ဘုရားသခင်သည် ဤနောင်တရသော သို့ပန်းများအား ဤနှစ်သိမ့်မှုစကားများကို မိန့်တော်မူသည် - သင်၏သေခြင်းကို ငါမနှစ်သက်။ သင်၏ဆိုးယုတ်သောလမ်းမှ လှည့်သွားလော့။ ငါသည် သင့်အား အသက်ကို ကတိပေး၏။

တတိယအချက်အနေနဲ့၊ ၁၈:၂၃ ၌ မှတ်ချက်ပေးရာတွင် ကယ်လ်ဗင်သည် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အကြံပြုထားပါသည်။ ဤအခန်းငယ်တွင် ကယ်လ်ဗင် ဘာပြောသည်ကို အသေးစိတ်မပြောနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော်၊ သူ့၌ ပြောစရာအများကြီးရှိပြီး၊ အကယ်စင်စစ်၊ တခြားအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကိုလည်း အကြံပြုထားပါသည်။ သို့သော်၊ ကယ်လ်ဗင်သည် ဤကဲ့သို့ပြောခဲ့ပါသည် - *"ထို့ကြောင့်၊ နောင်တရခြင်းသည် ဒုတိယဖန်ဆင်းခြင်းတစ်မျိုးဖြစ်သည့်အတွက် လူသား၏တန်ခိုး၌ မရှိပါ။ လူသားများအား ပြောင်းလဲစေဖို့ရန်၊ ဖန်ဆင်းဖို့ရန်အတွက် ဘုရားသခင်၏တန်ခိုး၌ ရှိလျှင်၊ ဘုရားသခင်သည် သူတို့၏ပြောင်းလဲခြင်းကို မလိုလားသည့်အတွက် ငြင်းပယ်ခံရသောသူများ ပြောင်းလဲမည်မဟုတ်ဟု ဆိုလိုပါသည်။ ဘုရားသခင်သည် သူတို့ပြောင်းလဲစေချင်လျှင် လုပ်နိုင်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် မလိုလားပုံရပါသည်။"*

ဤဆွေးနွေးခြင်းကို နောက်မှ ဆက်ဆွေးနွေးကြပါမည်။ **ပါမောက္ခ ဟန်ကို (Prof. Hanko)**

## Pleading and Persuading (အသနားခံခြင်းနှင့် နှိုးဆော်သွေးဆောင်ခြင်း)

ကျွန်ုပ်တို့၏ သတင်းလွှာကို ဖတ်ရှုသူတစ်ဦးသည် အသနားခံခြင်းနှင့် နှိုးဆော်သွေးဆောင်ခြင်းသည် ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေး ဓမ္မပညာနှင့် မည်ကဲ့သို့ ကိုက်ညီသနည်း (၂ကော ၅:၁၁၊ ၂၀; ၁ကော ၄:၁၂-၁၃) ဟု မေးမြန်းခဲ့သည်။

ဤမေးခွန်းသည် ဧဝံဂေလိတရားဟောပြောခြင်းကို ရည်ညွှန်းသည်ဟု ကျွန်တော်ယုံကြည်ပါသည် - ဤကဲ့သို့ အသနားခံခြင်းနှင့် နှိုးဆော်သွေးဆောင်ခြင်းသည် ဟောပြောခြင်း၌ နေရာတစ်ခုရှိသင့်မရှိသင့် ပင်ဖြစ်သည်။ ဧဝံဂေလိတရားသည် ကျေးဇူးတော်၏ကမ်းလှမ်းချက်တစ်ခု မဟုတ်သည်ကို ကျွန်တော်တို့ငြင်းဆိုသည့်အတွက် ဤကဲ့သို့ အသနားခံခြင်းနှင့် နှိုးဆော်သွေးဆောင်ခြင်းကို မယုံကြည်ကြသည်ဟု လူအများက ယုံကြည်ကြပါသည်။ ပေါလုသည် သူ့၏ဟောပြောချက်နဲ့ ပတ်သက်ပြီး "ထို့ကြောင့်၊ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းကို ငါတို့သိ၍ လူတို့ကို စည်းရုံးသိမ်းသွင်းကြ၏"ဟု ပြောထားသည့် ၂ ကောရိန္သု ၅:၁၁ နှင့် ၂၀ ကဲ့သို့ ကျမ်းပိုဒ်များကို တရားမျှတအောင် မလုပ်နိုင်ကြဘူးဟူ၍ ယုံကြည်ကြပါသည်။ ထို့နောက်၊ "ယခုအခါ ငါတို့သည် ခရစ်တော်၏ သံတမန်

များဖြစ်ကြ၏။ ဘုရားသခင်သည် ငါတို့အားဖြင့် သင်တို့ကို တိုက်တွန်းတော်မူသကဲ့သို့ ခရစ်တော်ကိုယ်စား သင်တို့ကို ဘုရားသခင်နှင့် ရန်ငြိမ်းစေကြလော့ဟု ငါတို့တောင်းပန်ပါ၏။"

ထိုသို့ဆိုလျှင်၊ ဧဝံဂေလိတရားဟောပြောခြင်းတွင် လူများအား "နှိုးဆော်သွေးဆောင်" ရမည်ဟု ကျွန်တော်တို့ ယုံကြည်ပါသလား။ ကျွန်တော်တို့ ယုံကြည်ပါသည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် တတ်နိုင်သမျှ ဆွဲဆောင်မှုရှိသင့်ပါသည်။ အကြောင်းအရာပိုင်းတွင် ဆွဲဆောင်မှုရှိရပါမည်။ ဆိုလိုသည်မှာ အကြောင်းအရာသည် ကျိုးကြောင်းဆီလျော်ပြီး၊ အစီအစဉ်တကျရှိရပါမည်။ တကယ်၍ "နှိုးဆော်သွေးဆောင်ခြင်း" ဆိုသည့် စကားလုံးကို ၂ ကောရိန္သု ၅:၁၁ ကဲ့သို့ အပိုဒ်တစ်ခုတွင် အသုံးပြုသည့်အခါတွင် အလေးပေးဖော်ပြထားတဲ့အချက်ပင်ဖြစ်သည်။

ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေရန် အပြစ်သားများကို "တောင်းပန်ခြင်း" နှင့် "ဆုတောင်းခြင်း" ကို ကျွန်ုပ်တို့ ယုံကြည်ပါသလား။ သံသယဖြစ်စရာမလိုအပ်ပေ။ ဧဝံဂေလိတရားဟောပြောခြင်းသည် ၎င်း၏စိတ်အားထက်သန်မှုဖြင့်လည်း ဆွဲဆောင်မှုရှိသင့်သည်။ ၎င်းသည် ဧဝံဂေလိတရားဟောပြောခြင်းဖြစ်သည်။ ဧဝံဂေလိတရား၏ ဓမ္မဆရာသည် သူယူဆောင်လာသော သတင်းစကားသည် သူ့အတွက် အဓိပ္ပာယ်ရှိကြောင်း ပြသရမည်။ အချက်အလက်နှင့် သက်ဆိုင်ပြီး ဓမ္မဆရာသည် သတင်းစကား သို့မဟုတ် ကြားနာသူများအပေါ် ကိုယ်ရေးကိုယ်တာ စိတ်ဝင်စားမှုတစ်စုံတစ်ရာကို မပြသသည့် ဟောပြောခြင်းသည် စစ်မှန်သော ဧဝံဂေလိတရားဟောပြောခြင်းမဟုတ်ပေ။ ထို့ကြောင့်၊ ဧဝံဂေလိတရားကို ဟောပြောပုံဆိုသည်မှာ ၎င်းသည် သတင်းကောင်းဖြစ်ကြောင်း ပြသသင့်သည်။ ဧဝံဂေလိတရား၏ အရေးတကြီးဖြစ်မှုသည်လည်း ရှင်းလင်းပြတ်သားသင့်သည်၊ ၎င်းသည် လျစ်လျူရှု၍မရသော သတင်းစကားတစ်ခုဖြစ်သည်။ ဓမ္မဆရာသည် သူ၏ ကြားနာသူများကို တောင်းပန်သောအခါတွင် ၎င်းသည် သူလုပ်ဆောင်နေသည့်အရာဖြစ်သည်။

သို့သော်၊ စိတ်အားထက်သန်မှု၊ အရေးတကြီးဖြစ်မှုနှင့် ဆွဲဆောင်မှုရှိခြင်းတို့ဖြင့် ဟောပြောခြင်းသည် ဧဝံဂေလိတရားကို ကယ်တင်ခြင်းကမ်းလှမ်းချက်အဖြစ် ပြောင်းလဲရန် မလိုအပ်ကြောင်း ရှင်းရှင်းလင်းလင်း ဖြစ်ရမည်။ ထိုသို့သော စိတ်အားထက်သန်မှုနှင့် စည်းရုံးသိမ်းသွင်းမှု၏ အခြေခံမှာ လူသားအားလုံးအပေါ် ဘုရားသခင်ကို ချစ်ခြင်းမဟုတ်သကဲ့သို့၊ လူသားအားလုံး ကယ်တင်ခြင်းရရှိရန် ဘုရားသခင်၏ ဆန္ဒမဟုတ်သကဲ့သို့၊ ကြားနာသူတိုင်းအတွက် တစ်နည်းနည်းဖြင့် အပြစ်ဖြေခြင်းလည်းမဟုတ်ပါ။ ဧဝံဂေလိတရား၏ စိတ်အားထက်သန်မှုသည် နားထောင်သူတိုင်းအား ကယ်တင်ခြင်း ကမ်းလှမ်းချက်ဖြစ်ခြင်းတွင် မပါဝင်ပေ။ အကယ်စင်စစ်၊ ကမ်းလှမ်းချက်သည် အမိန့် သို့မဟုတ် ခေါ်သံထက် များစွာအရေးတကြီးမလိုအပ်ပေ။ ဘုရားသခင်ထံမှ ထိုကဲ့သို့သော အမိန့် သို့မဟုတ်

ခေါ်သံကို ယူဆောင်လာသည်ဟု ယုံကြည်သောဟောပြောသူသာလျှင် သတင်းစကား၏ အရေးကြီးမှုကို အမှန်တကယ် တရားမျှတစေနိုင်သည်။

ကယ်တင်ခြင်းအတွက် ကမ်းလှမ်းချက်တစ်ခုအနေဖြင့် သတင်းစကား၏ စိတ်အားထက်သန်မှုနှင့် ဆွဲဆောင်မှုရှိမှုသည် တည်ရှိနေသည်ဟု သမ္မာကျမ်းစာက မဖော်ပြထားပေ။ ဆွဲဆောင်ခြင်းနှင့် တောင်းပန်ခြင်းအကြောင်း အရှင်းလင်းဆုံးဖော်ပြထားသော ၂ ကောရိန္သု ၅:၂၀ တွင် ရည်ရွယ်ချက်မှာ ထာဝရဘုရားကို ကြောက်ရွံ့ခြင်းဖြစ်ပြီး ဘုရားသခင်၏ အထွေထွေကျေးဇူးတော် သို့မဟုတ် ကရုဏာတော် မဟုတ်ပါ။

ကျွန်ုပ်တို့သည် အသနားခံခြင်းနှင့်နှိုးဆော်သွေးဆောင်ခြင်းကို ယုံကြည်ပါသလား။ ဟုတ်ကဲ့၊ ကျွန်ုပ်တို့ လက်ခံပါသည်။ သို့သော်၊ ဧဝံဂေလိတရားကို ကမ်းလှမ်းချက်တစ်ခုအဖြစ် ပြောင်းလဲပြီး အပြစ်သားများအား လက်ခံဖို့ရန် တောင်းပန်ခြင်းမျိုး မဟုတ်ပါ။ ဤအရာသည် ဘုရားသခင်အား ချီးမွမ်းခြင်း လည်းမဟုတ်သကဲ့သို့ တည်ဆောက်ခြင်းလည်း မဟုတ်ပေ။ အကြောင်းမှာ၊ အပြစ်သား၏ တုံ့ပြန်မှု သည် သူ၏ဆုံးဖြတ်ချက်ပေါ်တွင် မူတည်ခြင်းမဟုတ်ဘဲ ဘုရားသခင်၏ အစိုးရတော်မူသော ကျေးဇူးတော်ပေါ်၌ မူတည်နေခြင်းပင်ဖြစ်သည်။ **(သင်းအုပ်ဆရာ ဟန်ကို)**

**Rev. Angus Stewart**

**Covenant Protestant Reformed Church (N. Ireland)**

**Translator – Myitta (Myanmar)**